# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 8, 2024 | Volume 78, Number 5

၈.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၁၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## လက်ကျန်ဝါများ ဈေးကွက်ရရှိရေးအတွက် ဝါများကို တင်ဒါစနစ်ဖြင့်ဝယ်ပေးမည်




လက်ကျန် ဝါများဈေးကွက်ရရှိရေးအတွက် A အဆင့်နှင့် C အဆင့် ဝါများအား တင်ဒါစနစ်ဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှသိရသည်။

ထိုကဲ့သို့ ဝယ်ယူရာတွင် A အဆင့် ဝါပိဿာချိန် နှစ်ဆယ့်ကိုးသိန်းနှင့် C အဆင့် ဝါပိဿာချိန် တစ်သိန်းအား စက်မှုဝန်ကြီးဌာန၊ အမှတ် ၃ စက်မှုလုပ်ငန်း လက်အောက်ရှိ ဝါကြိတ်စက်ရုံများတွင် အသုံးပြုရန်အတွက် ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့် မိုးဝါစိုက်ပျိုးရေးအတွက် အထွက်တိုးစေရန် ထွက်ရှိသည့် ဝါပိဿာချိန်ပေါ်မူတည်၍ နေရာဒေသအလိုက် ဝါကြိတ်ဝါဖိစက်များထားရှိပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ဝါကြိတ်စက်တွေက လုံလောက်မှုရှိပါတယ်။ အဓိက က ဝါဈေးကွက်ပျောက်ချိန် အရန်ဝါ ဝယ်ပေးတာတွေ ၊ ပြည်ပ ဝါ စပ်မျိုး လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသင့်တယ်။ ပြီးတော့ နယ်စပ်လမ်းကြောင်းများ ခက်ခဲနေချိန်မှာ ရေလမ်းကြောင်းကနေ တင်ပို့နိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးသင့်တယ်ဟု ဝါ

လုပ်ငန်းရှင်များအဖွဲ့မှ တာဝန်ရှိတစ်ဦးကပြောသည်။ ထို့ပြင် သွင်းအားစုများအတွက် ဝါစိုက်တစ်ဧကလျှင် ချေးငွေ ကျပ်နှစ်သိန်း နှုန်းဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးသွားမည်ဟုလည်း သိရသည်။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက (၇)သိန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဇုန်အလိုက်တာဝန်ခံများ တာဝန်ပေးအပ် သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ "လက်ရှိ ဝါ တစ်ပိဿာလျှင် ၂၇၀၀ မှ ၂၈၀၀ ကျပ်ဖြင့် အကျဈေးမှာတင်ငြိမ်နေကြောင်း အောင်လံကုန်စည်ဒိုင်မှသိရသည်။ အခုနှစ်နောက်ပိုင်း ဝါဈေးကကျပြီးပြန်မတက်လာတော့ တာပါ။ ဝါစိုက်တောင်သူများ အခက်တွေ့နေကြရပါတယ်၊ ဝါဈေးက ၃၀၀၀ ကျပ်အောက် ရောက်နေတယ်"ဟု ဝါစိုက်တောင်သူ တစ်ဦး ကပြောသည်။

ပြည်တွင်း၌ ဝါကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြပြီး အစိုးရအနေဖြင့်လည်း ဝါကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ဝါသည် နိုဝင်ဘာလမှဇန်နဝါရီလအတွင်းမှာ စတင်ထွက်ပေါ်ကာ ဇန်နဝါရီလမှဧပြီလလယ်အထိ ထွက်ပေါ် ကြောင်းသိရသည်။

အချို့ တောင်သူများကတော့ ဝါကို မိုးနှမ်းနှင့်အတူ ၅ လပိုင်းကျော် ၆ လပိုင်းခန့်တွင် တွဲစိုက်ကြကြောင်းလည်း သိရသည်။ ဝါသီးနှံနှင့်ဝါဂွမ်းတို့ကို ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း ဒါမှမဟုတ် ဈေးကစားဖို့ရည်ရွယ်ပြီး သိုလှောင်တာတွေကို ပြီးခဲ့သည့်နှစ်ကတည်းက တားမြစ်ထားသည်။

**Source: (AMIA)**

**Htwet Toe**

## ကြက်သွန်အဝင်များပြီး ဈေးကွက်ပြန်ကျလာ

ပြည်တွင်း ကြက်သွန်နီဈေးကွက်က ကြက်သွန်အဝင်များပြီး ဈေးအနည်းငယ်ပြန်ကျသွားတယ်လို့ ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်နေတဲ့ပွဲရုံတွေဆီက သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလကုန်လောက်တုန်းက မြင်းခြံကုန်စည်ဈေးကွက်မှာ ပွဲရုံဒိုင်ပြတ်ဈေး တစ်ပိဿာကို ၁၅၀၀ ကျပ်မှ ၂၃၀၀ ကျပ် အထိ ရှိခဲ့ပြီး ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တစ်ပိဿာကို ၁၇၀၀ ကျပ် မှ ၂၈၀၀ ကျပ် ရှိခဲ့ပါတယ်။

လက်ရှိမှာတော့ မြင်းခြံကုန်စည်ဒိုင် ဈေးကွက်မှာ ကြက်သွန်နီတစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၂၀၀၀ ကျပ်သာဈေးရှိပြီး ဘုရင့်နောင်ကုန်စည်ဈေးကွက်မှာ တစ်ပိဿာကို ၁၄၀၀ ကျပ်မှ ၂၅၀၀ ကျပ်ဈေးသာရှိပါတယ်။ ဒါကြောင့် ကြက်သွန်နီဈေးကွက် မှာ တစ်ပိဿာကို ၃၀၀ ကျပ်လောက် ဈေးပြန်ကျလာပြီး အရောင်းအဝယ်ကလည်း ပုံမှန်သာရှိတယ်လို့သိရပါတယ်။ "ရန်ကုန်ကို ကြက်သွန်အဝင်များရင်တော့ ဈေးကိုချဝယ်ကြတယ်၊ ခုရက်ပိုင်း ကားအဝင်များပြီး ဈေးပြန်ကျတယ်၊ ဒါကြောင့် နယ်ကုန်သည်တွေအနေနဲ့ ထိန်းပြီးတော့အဝေးကို တင်ပို့ဖို့လိုအပ်တယ်။ ပစ္စည်းအဝင်လျော့ရင် ဈေးကပြန်လှုပ်လာမှာပါ။ အခုက အလုပ်သမားပြဿနာ၊ ငွေဝင်ငွေထွက်နဲ့ တခြားအခက်အခဲတွေကြောင့် အဝယ်အေးပြီး ဈေးကလည်းကျတာပါတယ်"လို့ ရန်ကုန်က ကြက်သွန်နီရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာ မြင်းခြံကုန်စည်ဒိုင်ကို နေ့စဉ် ကြက်သွန်နီပိဿာချိန် သိန်းဂဏန်းအထိ ဝင်ရောက်မှုရှိနေပြီး ရန်ကုန်ဘုရင့်နောင် ကိုလည်း ကြက်သွန်ကားအစီးရေ တစ်ရက်ကို ၂၆ စီးမှ ၄၀ စီးအထိဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ နွေရာသီရောက်သည်နဲ့အညီ နွေကြက်သွန်နီတွေကိုလည်းတူးဖော်နေကြပြီး နယ်မြေအခြေအနေကြောင့် သိုလှောင်မှုအစား ရောင်းသူများတဲ့အတွက် နယ်ကုန်စည်ဒိုင်တွေကို ကုန်အဝင်များနေတာ ဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာ့ကြက်သွန်နီတွေကို ပြည်ပနိုင်ငံတွေက ဝယ်ယူဖို့အမှာကမ်းလှမ်းမှုရှိပေမဲ့လည်း တင်ပို့မှုအပိုင်းမှာ နယ်စပ် လမ်းကြောင်းက တင်ပို့မှုအခက်အခဲတွေရှိနေတဲ့အတွက် ပြည်ပတင်ပို့နိုင်မှုနည်းပါးပြီး ပြည်တွင်းဈေးကွက်ကိုသာ အဓိကထား ရောင်းချနေရတာကြောင့်လည်း ဈေးကွက်ကျတာဖြစ်နိုင်တယ်လို့ ကုန်သည်တွေကသုံးသပ်ပါတယ်။

မြန်မာ့ကြက်သွန်ကို ပြည်ပတင်ပို့မှုအနေနဲ့ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ မလေးရှား၊ တရုတ်၊ ထိုင်းနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံ

တို့က ဝယ်ယူလေ့ရှိပြီး လတ်တလောမှာတော့ ဗီယက်နမ်၊ တရုတ်၊ ထိုင်းနဲ့မလေးရှားနိုင်ငံတွေကို တင်ပို့နေရတယ်လို့သိရပါတယ်။

မြန်မာနိုင်ငံမှာ ကြက်သွန်နီစိုက် ဧကပေါင်း ၁ ဒသမ ၇ သိန်းကျော် စိုက်ပျိုးပြီး နှစ်စဉ်တန်ချိန် ၁ သန်းကျော်ထွက်ရှိကာ တစ်နှစ်ကို တန်ချိန် ၁ သိန်းလောက် ပြည်ပကိုတင်ပို့လေ့ရှိတယ်လို့ သိရပါတယ်။

**(AMIA)**

**Myanma Awba Group**

## ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်း ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ကာလတူနှိုင်းယှဉ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် မေလ ၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၂,၁၈၀,၀၀၀ ကျပ်မှ ၂၀၂၄ ခုနှစ်တွင် ၃,၁၃၅,၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၁,၄၈၂,၀၀၀ ကျပ်မှ ၂၀၂၄ ခုနှစ်တွင် ၁,၉၉၀,၃၀၀ ကျပ်သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၂,၄၄၅,၀၀၀ ကျပ်မှ ၂၀၂၄ ခုနှစ်တွင် ၄,၀၈၀,၀၀၀ ကျပ် သို့လည်းကောင်း၊ ကုလားပဲ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၂,၃၄၈,၅၀၀ ကျပ်မှ ၂၀၂၄ ခုနှစ်တွင် ၂,၇၅၅,၈၀၀ ကျပ်သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားသည်ကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့၏ မေလ ၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ အမြင့်ဈေးနှုန်းများ ကာလတူနှိုင်းယှဉ်ချက်စာရင်းအရ တွေ့ရှိရသည်။

ထို့ကြောင့် ပဲစိုက်တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပြည်တွင်း/ပြည်ပဈေးကွက်ရရှိပြီးဖြစ်သော မတ်ပဲနှင့်ပဲစင်းငုံတို့အား ပိုမိုတိုးချဲ့စိုက်ပျိုးပါက ပိုမိုစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြပါသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ(ရန်ကုန်)**

https://myantrade.gov.mm/article/naypyitaw_07052024_244

## Maharashtra ပြည်နယ်တွင် ရွေးကောက်ပွဲအတွက် မဲပေးခြင်းများမပြုမီ ကြက်သွန်နီတင်ပို့မှုပိတ်ပင်ချက်ကို ရုပ်သိမ်းပေးခဲ့

ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သည့် Maharashtra ပြည်နယ်တွင် တတိယအဆင့် မဲပေးမှုများ မစတင်မီ အိန္ဒိယဗဟိုအစိုးရသည် ယမန်နှစ်ဒီဇင်ဘာလက ချမှတ်ထားသော ကြက်သွန်နီတင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်းရန် စနေနေ့က ကြေညာခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာန(DGFT)မှ ကြက်သွန်နီများကို အနည်းဆုံးပို့ကုန်ဈေးနှုန်း (MEP) တစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀၊ ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းဖြင့် တင်ပို့ခွင့်ပြုကြောင်း စနေနေ့က ထုတ်ပြန်ခဲ့သည်။

ပြည်ပသို့တင်ပို့မှုပိတ်ပင်လိုက်ခြင်းသည် နိုင်ငံ၏ကြက်သွန်နီ ထွက်ရှိရာဒေသဟု လူသိများသော Maharashtra နှင့် Marathwada ဒေသရှိ ကြက်သွန်စိုက်တောင်သူများကို ထိခိုက်စေခဲ့ကြောင်း ယင်းဒေသနှစ်ခုသည် တစ်နိုင်ငံလုံး ကြက်သွန်ထုတ်လုပ်မှုသည် ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ကြောင်း၊ ကြက်သွန်တင်ပို့မှုတားမြစ်ချက်ဆုံးဖြတ်ချက်အတွက် လယ်သမားများက မကျေမနပ်ဖြစ်ပြီး အချို့သောနေရာများတွင် ယခုနှစ်ဇန်နဝါရီလကတည်းက ကန့်ကွက်မှုများရှိခဲ့ကြောင်း သိရသည်။

အဆိုပါမကျေနပ်ချက်သည် ဂူဂျာရတ်ပြည်နယ်မှထွက်ရှိသော အဖြူရောင်ကြက်သွန်(white onion) တန်ချိန် ၂၀၀၀ အား ပြည်ပသို့တင်ပို့ရန် အစိုးရက ဧပြီလ ၂၅ ရက်နေ့တွင် ဖြေလျှော့ပေးပြီးနောက် ပိုမိုမြင့်မားလာကြောင်းနှင့် ဂူဂျာရတ်သည် ပြည်ပဝယ်လိုအားများသော အဖြူရောင်ကြက်သွန်အများဆုံးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ Bhavnagar နှင့် Amreli တို့သည် ဂူဂျာရတ်၏ထိပ်တန်းကြက်သွန်အထွက်ရှိသောခရိုင်များဖြစ်ပြီး ရွေးကောက်ပွဲတွင် အောက်လွှတ်တော် (Lok Sabha) အတွက် နေရာနှစ်ခုထားရှိကြောင်း သိရသည်။

Maharashtra ပြည်နယ်ရှိ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သော လယ်သမားများသည် ဂူဂျာရတ်အတွက် ဆောင်ရွက်ပေးမှုကဲ့သို့ ၎င်းတို့အတွက် အလားတူဖြေလျော့မှုများဆောင်ရွက်ရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ယခုကြက်သွန်နီတင်ပို့မှုအား ခွင့်ပြုပေးခြင်းသည် ကြိုဆိုရမည့်ဆောင်ရွက်ချက်တစ်ခုဖြစ်သော်လည်း နောက်ကျသွားပြီဖြစ်ကြောင်း၊ ပထမဦးစွာ ကြက်သွန်နီတင်ပို့မှုပိတ်ပင်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ပို့ကုန်တားမြစ်ချက်ကို ရုပ်သိမ်းမည်ဆိုရင်လည်း ပြည်နယ်အားလုံးအတွက်ဖြစ်သင့်ကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားထားသည်။

**Source: Export ban lifted before voting in Maharashtra onion belt, The Economic Times, May 05, 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)-08052024-12:36

## STOCK EXCHANGE (8.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 1,200 | 10,320,000 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,188 | 3,395,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 50 | 385,200 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 6,832 | 10,216,800 | 29,664,613 | 44,497 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,850 | 2,950 | 2,850 | 6 | 17,600 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 262 | 434,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +200 | +4.44% | 4,600 | 4,700 | 4,600 | 6 | 27,800 | 10,497,598 | 49,339 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 23 | 47,650 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 7th May, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.51 | +2.34 | +0.64% | 364.38 | 367.51 | 364.38 | 9,567 | 24,845,150 | 8 | 693,192 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

## Main Board

As of 1:00 pm, 7th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

| MYANPIX | 367.51<br>▲ 2.34 |
|---|---|
| Total Volume (shares) | 9,567 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,192 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 200 |
| MAEX | 00008 | 2,050 | ▲ 0 |

TIR